# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 21, 2019 Volume 17, Number 14


**၂၁.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅/ကျပ် |
| CBM Rate | = ၁၅၄၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၅၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၉.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၂၂.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၁.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၉.၅၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၄၀၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၁၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၈.၁၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၉၆ကျပ် |

Source: CBM Rate, SFJ Journal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းခန့် ပြန်မြင့်




ပြည်တွင်းငွေကြေးဈေးကွက်တွင် ယခုလအတွင်း ကန်ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာပြီး လဆန်းပိုင်းက တစ်ဒေါ်လာလျှင် ကျပ် ၁,၅၀၀ ခန့်ရှိရာမှ မတ်လ ၂၀ ရက်တွင် ကျပ် ၁,၅၃၀ သို့ မြင့်တက်လာသည်။ သင်္ကြန် ပိတ်ရက်နီးလာခြင်းကြောင့် ပြည်ပမှကုန်ပစ္စည်းတင်သွင်းလိုသူများပြီး ပြည်ပငွေလွှဲ ပေးပို့မှုများခြင်းကြောင့် ဒေါ်လာဈေးပြန်တက်လာခြင်းဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

ပြည်တွင်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် သွင်းကုန်ပမာဏ အနည်းအများနှင့် လကုန်ရက်များတွင် တန်ဖိုးအတက်အကျဖြစ်လေ့ရှိသည်ဟု ပြည်တွင်းပုဂ္ဂလိကဘဏ် တစ်ခုမှ အကြီးတန်း အရာရှိတစ်ဦးကပြောသည်။ ဒေါ်လာလဲနှုန်း တက်လာသကဲ့သို့ ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းကလည်း မတ်လ ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁,၅၄၂ ကျပ် သတ်မှတ်သည်။ ဒေါ်လာဈေးနှင့်အတူ အခေါက်ရွှေဈေးသည်လည်း တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းခြောက်သောင်းခြောက်ထောင်သို့ မြင့်တက်လာသည်။

Source: http://www.7daydaily.com/story/152652

## မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်သို့တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်ပေးရန် လုပ်ငန်းရှင်များတောင်းဆို

လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာ့လယ်ယာထွက်ကုန် ၅ မျိုးသာ တရားဝင်သတ်မှတ်ဝယ်ယူပေးနေ၍ ကျန်ရှိနေသည့် ကုန်စည်များမှာ တရားမဝင်တင်ပို့နေရသည့်အတွက် တရုတ်နိုင်ငံကုန်ပစ္စည်း အရည်အသွေး စစ်ဆေးရေးဝန်ကြီးဌာန (AQSIQ) မှတ်ပုံတင်ခွင့်အမြန်ဆုံးရရှိရေး သက်ဆိုင်ရာဌာနမှဆောင်ရွက်ပေးရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးကိုကိုကြီးက ပြောသည်။ မြန်မာ့လယ်ယာထွက်ကုန်တွေကို ဆုံးရှုံးနစ်နာမှုတွေကာမိအောင် AQSIQ မှတ်ပုံတင်ခွင့် အမြန်ဆုံးရရှိရေး သက်ဆိုင်ရာ ဌာနတွေက ဆောင်ရွက်ပေးဖို့ လိုအပ်နေတယ်ကြောင်း ဦးကိုကိုကြီးကပြောသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာ ထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်မှုထုတ်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် AQSIQ မှတ်ပုံတင်ထားသည့် ကုန်စည်မှာ (ဆန်၊ သရက်၊ ဖရဲ၊ သခွား၊ ဇီးသီး) (၅) မျိုးသာရှိကာ ကျန်ကုန်စည်အများစုမှာ နယ်စပ်လမ်းကြောင်းမှ တရားမဝင်တင်ပို့နေရသည့်အခြေအနေရှိနေသဖြင့် နိုင်ငံရေးအရ လည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း၊ တစ်ဖက်နိုင်ငံ၏ ဈေးကွက်အနိုင်ကျင့်ခံရမှုများ မကြာခဏပေါ်ပေါက်လျက်ရှိပြီး ဆုံးရှုံးမှုများမကြာခဏ ဖြစ်ပေါ်နေကြောင်း ၎င်းကဆက်လက်ဆိုသည်။

လယ်ယာထွက်ကုန် (ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ မြေပဲ၊ဝဥ၊ ကျွဲကောသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ရာဘာ)၊ မွေးမြူရေးထွက်ကုန် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်)၊ ရေထွက်ကုန် (ငါး၊ ပုစွန်၊ ဂဏန်းငါးရှဉ့်၊ ကင်းမွန်)၊ စက်မှုထုတ်ကုန် (အသင့်စား အစားအစာများ၊ အိမ်သုတ်ဆေးများ) စသည့် ကုန်စည်များဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။ မူဆယ်နယ်စပ်တွင် ရောက်ရှိနေသော ဆန်တန်ချိန် (၄/၅) သောင်းခန့်အတွက် ယူနန်ပြည်နယ် အစိုးရနှင့် လည်းကောင်း၊ ယူနန်ပြည်နယ်မှ Buyer များနှင့်လည်းကောင်း အထူးဦးစားပေးညှိနှိုင်းပေးရန် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ ရောင်းချမှု အတွက် Quota ရရှိရေး၊ နှစ်နိုင်ငံ MoU စာချုပ်ချုပ်ဆိုရေးကိစ္စများကို အမြန်ဆုံးထိရောက်စွာ ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီထံ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှတင်ပြထားသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6920

## Greater Bay Area စီးပွားရေးဒေသဆိုင်ရာစီမံကိန်းတွင် အလုပ်လုပ်ကိုင်သူများအတွက် အခွန်လျှော့ချပေးသွားမည်

တရုတ်နိုင်ငံ ပေကျင်းအစိုးရအနေဖြင့် ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်မကြီး၏ မြို့ကြီး(၉) မြို့တို့ပါဝင်သည့် Greater Bay Area စီးပွားရေးဒေသဆိုင်ရာစီမံကိန်းတွင် အလုပ် လုပ်ကိုင်သူများအား အခွန်များ လျှော့ချပေးသွားရန် ကတိကဝတ်ပြုလိုက်ကြောင်း ၂.၃.၂၀၁၉ ရက်နေ့ထုတ် South China Morning Post သတင်းစာပါ Beijing Pledges to Lower taxes for the Bay Area သတင်းဆောင်းပါးတွင် ပါရှိကြောင်းသိရှိရပါသည်။ အဆိုပါသတင်းဆောင်းပါးတွင် အဓိကအားဖြင့် နိုင်ငံတော်ကောင်စီ၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် ဟောင်ကောင်အထူး အုပ်ချုပ်ရေး ဒေသအစိုးရ၊ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Chen Yuet-ngor က Greater Bay စီးပွားရေးဒေသအတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်၊ ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းကြီး (၈) ရပ်ကိုဆွေးနွေးခဲ့ကြောင်း၊ ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်မကြီး၏ မြို့ကြီး(၉) မြို့အား ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဆိုင်ရာ စွမ်းအားမြင့်ဒေသများ ဖြစ်လာစေရေးမူဝါဒများ တိုးမြှင့်ရန်၊ ဟောင်ကောင်ကျွမ်းကျင်ပညာရှင်များအနေဖြင့် Greater Bay စီးပွားရေးဒေသတွင် အလုပ်လုပ်ကိုင်မည် ဆိုပါက ဟောင်ကောင်အစိုးရသို့ ဝင်ငွေခွန် ပမာဏအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး ပိုမိုကျသင့်သည့် ပမာဏကို သက်ဆိုင်ရာမြို့တော်အစိုးရထံမှ ပြန်လည်ထုတ်ယူ ခံစားခွင့်ရှိရန်တို့ပါရှိပါသည်။ အဆိုပါမူဝါဒ ပြောင်းလဲ ဆောင်ရွက်မှုကြောင့် ဟောင်ကောင်နှင့်မကာအိုဒေသမှလူငယ်များအနေဖြင့် တရုတ်ပြည်မကြီး၏ မြို့ကြီး(၉) မြို့ကို ယခင်ကထက်ပိုမိုပြောင်းရွှေ့ အလုပ်လုပ်ကိုင်လာရန် မျှော်လင့်ကြောင်းလည်း သိရှိရပါသည်။ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မှသတင်းရရှိပါသည်။

**Source: MYANTRADE-TIR**

## မြန်မာနိုင်ငံမှတင်ပို့နေသည့် ဆန်လုံးရှည်အမျိုးအစားကို တရုတ်နိုင်ငံက တင်သွင်းမှုရပ်ဆိုင်း

မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည်အမျိုးအစားကို တရုတ်နိုင်ငံက တင်သွင်းမှုရပ်ဆိုင်းလိုက်ကြောင်း မန္တလေး-မူဆယ် ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။ တရုတ်ကုန်သည်တွေကပဲ ဆန်လုံးတိုပါမစ်ယူပြီး ဆန်ရှည်တွေ အိတ်သွတ်တင်နေသည်လား မသိကြောင်း၊ နောက်ပြီးခဲ့တဲ့အပတ်က တို့နိုင်ငံကုန်သည်တွေကလည်း ဆန်ကွဲပါမစ်နဲ့ ဆန်တွေကို ဆန်ကွဲဖုံးသွားတာမိတယ်လို့ ကြားကြောင်း၊ အမှန်အကန်မလုပ်တော့ တရုတ်ဘက်က ပြန်ကိုင်တွယ်တဲ့ သဘောဖြစ်ကြောင်း၊ အခုဆန်လုံးရှည်တွေကို တရုတ်က အသွင်းမခံတော့ဘူး။ သူတို့ရဲ့တင်သွင်းခွင့်က ဆန်ကွဲ၊ ဆန်လုံးတို၊ ဆန်လုံးရှည် သက်သက်စီ ပါမစ်ယူရတာဖြစ်ကြောင်း၊ အစိုးရကို အခွန်ဆောင်ရတာ တန်ဖိုးချင်းမတူဘူး။ ဆန်ကွဲ အခွန်ဆောင်ရတာက နည်းတယ်။ ဆန်လုံးရှည်ကကျ အခွန်မြင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်စပါး ကုန်သည်များ အသင်း အတွင်းရေးမှူး ဦးစိုင်းကျော်က ဆိုသည်။

ယခုနှစ် နွေးစပါးရာသီတွင် မြန်မာတောင်သူအများစုအနေဖြင့် ဆန်လုံးရှည်ကိုသာ အဓိကစိုက်ပျိုးထားခြင်းကြောင့် လက်ရှိ နွေစပါးပေါ်ချိန်တွင် တောင်သူများ အခက်အခဲများကြုံတွေ့လာနိုင်မည့်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် သွားရောက်တွေ့ဆုံ ညှိနှိုင်းမှုများပြုလုပ်ပေးစေလိုကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်ကို ဆန်တင်ပို့နေရာတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချနေခြင်း ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့နေသည့် မြန်မာ ပို့ကုန်များ အပေါ် မကြာခဏ စစ်ဆေးထိန်းချုပ်မှုများ ပြုလုပ်လေ့ရှိသော်လည်း၊ ယခုနှစ်တွင် စီမံချက်ချ၍ ပိုမိုတင်းကြပ် ဆောင်ရွက်ခဲ့သည်ဟု ကုန်သည်များက ဆိုသည်။

ဥရောပသမဂ္ဂ(EU) ကော်မရှင်မှလည်း ယခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှစတင်ကာ မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည် အမျိုးအစားကို အခွန်ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ခဲ့ပြီး ပထမနှစ်တွင် တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ယူရို ၁၅၀၊ တတိယနှစ်တွင် ၁၂၅ ယူရိုစသဖြင့် နှစ်အလိုက် အခွန်နှုန်းထားများကို လျော့ချ ကောက်ခံသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆန်လုံးရှည်များကို အခွန်ဆောင်၍ ဥရောပသမဂ္ဂ(EU) နိုင်ငံများသို့ တင်ပို့မည် ဆိုပါက EU မှ လက်ရှိ သတ်မှတ်ထားသည့် အခွန်နှုန်းထားများကြောင့် ဒေသတွင်းဆန်တင်ပို့နေသည့် အိမ်နီးချင်းနိုင်ငံများ၏ ဈေးနှုန်း၊ ထုပ်ပိုးမှု၊ အရည်အသွေးစသည်တို့ကိုယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် တင်ပို့နိုင်ရန်အခက်အခဲများ ကြုံတွေ့နေရကြောင်း ကုန်သည်များကဆိုသည်။ အလားတူ တရုတ်နိုင်ငံ၏ မြန်မာ့ဆန်လုံးရှည်တင်သွင်းမှု ပိတ်ပင်မှုကလည်း မြန်မာ့ဆန်လုံးရှည် ဈေးကွက်အတွက် ပိုမိုအခက်အခဲများ ဖြစ်ပေါ်လာစေသည်ဟု ကုန်သည်များကဆိုသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6924

## နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု နယ်မြေသစ်ဖြစ်လာသော ချင်းပြည်နယ်

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်တည်ရှိသော ချင်းပြည်နယ်သည် နိုင်ငံ၏ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှု အလွန်အမင်းနောက်ကျကျန်နေသည့် ပြည်နယ်လည်းဖြစ်သည်။ ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများလွန်စွာနည်းပါးလှသလို ကုန်သွယ်ရေးသည်လည်း အားမကောင်းလှသေးပေ။ ပြည်နယ်၏ စီးပွားရေးသည် ဒေသခံ စီးပွားရေးလုပ်ငန်းများဖြင့်သာ အဓိကလည်ပတ်နေပြီး ၎င်းလုပ်ငန်းများ တိုးတက်ရန် အားယူစအချိန်သာရှိသေး သည်။ ပြည်နယ်သည် နှစ်ပေါင်းများစွာ ပြည်မဈေးကွက်နှင့် နိုင်ငံတကာ ကုန်သွယ်ရေးတို့ဖြင့် သီးခြားကဲ့သို့ဖြစ်နေပြီး ယင်းအချက်သည်ပင် ပြည်နယ်၏ အခွင့်အလမ်းကောင်းများစွာကို မဖော်ထုတ်ရသေးသကဲ့သို့ ဖြစ်စေသည်။ နိုင်ငံတကာ စီးပွားရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ နောက်ဆုံးနယ်မြေသစ်ဟုဆိုကြရာ ချင်းပြည်နယ် သည်လည်း နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများအတွက် နောက်ဆုံးနယ်မြေသစ်တစ်ခု ဖြစ်လာသည်။ ပြည်နယ်အတွင်း လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာမရရှိခြင်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မရှိခြင်းသည် ပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးဖြစ်သည်။ လမ်းနှင့်လျှပ်စစ်စသည့် အခြေခံ အဆောက်အအုံ အားနည်းမှုသည် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှု နည်းပါးစေသော အဓိကအချက်ဖြစ်စေသည်။ အခြေခံ အဆောက်အအုံ အားနည်းမှုသည် ရင်းနှီးမြှုပ်နှံသူအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များ မြင့်တက်စေခြင်းကြောင့် အခြားဒေသများကိုသာ ရွေးချယ်ရင်းနှီးမြှုပ်နှံမှုဖြစ်စေသည်။ ယနေ့အချိန်အထိ ချင်းပြည်နယ်တွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ဟိုတယ်လုပ်ငန်းတစ်ခုသာရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုဟူ၍ လုံးဝမရှိသေးပေ။ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ အတွက် အောင်မြင်သင့်သလောက် မအောင်မြင်သလိုဖြစ်နေကြောင်း ချင်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်ဆလိုင်းလျန်လွယ်

က ဆိုသည်။ မတ် ၁၆ ရက်တွင် ကျင်းပခဲ့သည့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင် ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းသော ကဏ္ဍကြီး ခြောက်ခုအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်နှင့် လေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်း၊ အခြေခံအဆောက်အအုံနှင့်ရိုးရာ အထည်ချုပ်လုပ်ငန်းတို့ဖြစ်သည်ဟု ပြည်နယ်အစိုးရက ကြေညာခဲ့သည်။ ပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် နှစ်ပေါင်းများစွာကပင် အလားအလာကောင်းသော ခရီးသွားလုပ်ငန်းအဖြစ် ယူဆကြခဲ့ကြသည်။

ယဉ်ကျေးမှုနှင့် သဘာဝအခြေခံ ခရီးသွားနှစ်မျိုးစလုံးကို ပိုင်ဆိုင်ခြင်းကြောင့် ပြည်ပတွင်သာမက ပြည်တွင်းခရီးသွား နယ်ပယ်တွင်ပါ ကျော်ကြားလှသော်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲသည် အတားအဆီးတစ်ခု သဖွယ်ဖြစ်ခဲ့သည်။ ချင်းပြည်နယ်မှာ အခြေခံအဆောက်အအုံ စိန်ခေါ်မှုတွေရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီစိန်ခေါ်မှုတွေကပဲ အလားအလာရှိတဲ့ ခွင့်အလမ်းလို့မြင်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ဆိုသည်။ စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ရေမြေအနေအထားအရ ကော်ဖီ၊ ထောပတ်သီး၊ စပျစ်၊ စတော်ဘယ်ရီ၊ ဝဥ စသည့် သီးနှံတို့ စိုက်ပျိုးဖြစ်ထွန်းပြီး ကော်ဖီ၊ ထောပတ်သီးနှင့် ဝဥတို့သည် ပြည်ပနိုင်ငံအချို့သို့တင်ပို့မှုရှိသည်။ ပြည်နယ်အစိုးရ၏ မြေအသုံးချမှုအချက်အလက်အရ စိုက်ပျိုးမြေ ၂၇၀၀၇၀ ကေသာရှိသေးပြီး စိုက်ပျိုးနိုင်သော မြေဧက ၂ ဒသမ ၃ သန်းကျော် ကျန်ရှိနေသေးသည်။ ဒေသခံတွေက စိုက်ပျိုးရေးကို မိရိုးဖလာလုပ်ကိုင်လာကြပြီး မြေယာပိုင်ဆိုင်မှုကလည်း မိရိုးဖလာပုံစံလိုမျိုးဖြစ်နေတယ်။ ဒါကြောင့်မြေယာနဲ့ပတ်သက်ရင် ဒေသခံတွေရဲ့ သဘောတူညီမှုလိုအပ်တော့ လုပ်ငန်းရှင်က ဒေသခံနဲ့အကျိုးတူပူးပေါင်းပြီး Contract Farming လိုမျိုးလုပ်မယ်ဆိုရင် အဆင်ပြေကြောင်း ချင်းပြည်နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်ကပြောသည်။ စိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုနဲ့နည်းပညာတွေ လိုအပ်နေပါတယ်။ မွေးမြူရေး အပိုင်းမှာလည်း အတူတူပါပဲ။ ငွေကြေးအရင်း အနှီးနဲ့ ခေတ်မီနည်းပညာတွေဝင်လာမှသာ ဒီထက်ပိုရှေ့ရောက်မှာဖြစ်ကြောင်း ချင်းပြည်နယ်ရှိ Mindat Farmers Group ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးရှိန်းခယ်ကပြောသည်။ သတ္တုတူးဖော်ရေးကဏ္ဍသည် ပြည်နယ်၏ မထိတွေ့ရသေးသော ကဏ္ဍတစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။ အစိုးရ၏လေ့လာမှုများအရ အသေးစား၊ အလတ်စားနှင့် အကြီးစားသတ္တုတူးဖော်မှုများအတွက် ထုံးကျောက်၊ နီကယ်၊ ခရိုမိုက်စသည့် သတ္တုတွင်းထွက် များကို ပြည်နယ်၏ အရှေ့ဘက်တစ်လျှောက်တွင်တွေ့ရှိထားသည်။

ရေအားလျှပ်စစ်အတွက် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရန် နေရာ ၂၅ နေရာရှိနေသည့်အပြင် အကြီးစား ရေအား လျှပ်စစ်ထုတ်လုပ်နိုင်သည်အထိ အရင်းအမြစ်များလည်းရှိသည်။ ထို့ပြင် လေအားလျှပ်စစ်အတွက်လည်း နေရာငါးခုတွင် စုစုပေါင်းမဂ္ဂါဝပ် ၁၀၇၀ ကျော် ထုတ်လုပ်နိုင်မည့် အလားအလာရှိနေသည်။ အခြေခံအဆောက်အအုံ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ချင်းပြည်နယ်အစိုးရဘတ်ဂျက်၏ ၆၇ ရာခိုင်နှုန်းခန့်ကို လမ်းပန်းဆက်သွယ်ရေးအတွက် အသုံးပြုဆောင်ရွက်နေသလို ပြည်ထောင်စုဘတ်ဂျက်ဖြင့်လည်း လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ရန် ဆောင်ရွက်နေသည်ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ကပြောသည်။ လက်ရှိတွင် ပြည်နယ်ရှိ မြို့နယ်ကိုးခုအနက် မြို့နယ်ငါးခုတွင် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ထားပြီး လျှပ်စစ်မီးရရှိရန် လိုအပ်နေသော ကျန်မြို့နယ် လေးခုအား ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း လျှပ်စစ်မီးရရှိရန် ပြည်နယ်အစိုးရမှ ရည်မှန်းလျက်ရှိသည်။ ပြည်နယ်၏ မြောက်ပိုင်း စွန်းကျီခါးမြို့မှ တောင်ပိုင်း ပလက်ဝမြို့အထိ တောင်-မြောက်ချိတ်ဆက်နိုင်မည့် လမ်းဖောက်လုပ်ခြင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်း၊ ဟားခါး-ဂန့်ဂေါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ ကုလားတန်မြစ်ကူးတံတား တည်ဆောက်ခြင်း စသည်တို့ကို လုပ်ဆောင်နေသည်။ ဖလမ်းမြို့နယ်တွင် လေဆိပ်အသစ် တည်ဆောက်လျက်ရှိပြီး ၂၀၂၀ အတွင်း ပြီးစီးရန် လျာထားသည်။ ချင်းပြည်နယ်သည် ပြည်ပ ရင်းနှီးမြှုပ်နှံမှုမရှိသော တစ်ခုတည်းသော ပြည်နယ်အဖြစ် နှစ်ပေါင်းများစွာ ရှိနေခဲ့သော်လည်း လက်ရှိတွင်ချင်းပြည်နယ်၏ ပထမဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမည့် အခြေအနေ ရှိလာပြီဖြစ်သည်။ မတ် ၁၆ ရက်တွင် ပြည်နယ်အစိုးရနှင့် နော်ဝေပါဝါကုမ္ပဏီတို့အကြား မဂ္ဂါ ၃၀ အောက်ထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းအတွက် လက်မှတ်ရေးထိုးခဲ့သည်။ နော်ဝေပါဝါကုမ္ပဏီမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့ပြင် ဟိုတယ်လုပ်ငန်းတစ်ခု၊ စိုက်ပျိုးရေးအခြေခံ လုပ်ငန်းတစ်ခုနှင့် မြို့ပြအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းတစ်ခုတို့ ဆောင်ရွက်ရန် ပြည်နယ်အစိုးရနှင့် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအကြား သဘာတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါလုပ်ငန်းသုံးခု၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ လေးသန်းကျော်ရှိမည်ဖြစ်သည်။ ကုန်သွယ်မှုဖွံ့ဖြိုးရေး အတွက် ပြည်နယ်၏ အခွင့်အလမ်းတစ်ခုသည် မြန်မာနှင့် အိန္ဒိယတို့အတွက် မဟာဗျူဟာကျသော ကုလားတန် ဘက်စုံ

သယ်ယူပို့ဆောင်ရေး စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းသည် မြန်မာနှင့် အိန္ဒိယတို့အကြား ပင်လယ်ရေကြောင်း၊ ပြည်တွင်းရေကြောင်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတို့အား ချိတ်ဆက်ထားခြင်း ဖြစ်သည်။ ရေကြောင်းဖြင့် ကိုလ်ကတ္တားမှ စစ်တွေဆိပ်ကမ်း၊ စစ်တွေမှ ကုလားတန်မြစ်တစ်လျှောက် ဖြတ်သန်း၍ ချင်းပြည်နယ်၊ ပလက်ဝအထိသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ပလက်ဝမှ အိန္ဒိယ-မြန်မာနယ်စပ်သို့ ကုန်းလမ်းကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို ချိတ်ဆက်မည်ဖြစ်သည်။ အစိုးရအနေဖြင့် အဆိုပါစီမံကိန်းဖြင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဆက်စပ်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားသည်။ ကုလားတန်မြစ်ကြောင်း စီမံကိန်းက ချင်းပြည်နယ်တစ်ခုလုံးရဲ့ ပင်လယ်ထွက်ပေါက်ဖြစ်ပါတယ်။ ပြည်တွင်းကထွက်တဲ့ ထွက်ကုန်တွေရောင်းဝယ်လို့ရမယ်။ အပြန်အလှန် ရောင်းဝယ်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိလာနိုင်ကြောင်း ဦးစိုးထက်ကဆိုသည်။

ထုတ်ကုန်လုပ်ငန်းအတွက် ဈေးကွက်အနေနဲ့ ဒေသတွင်းဈေးကွက်က သိပ်မရှိတော့ ပြည်မဈေးကွက်နဲ့ နိုင်ငံခြားကို တင်ပို့ဖို့ လုပ်မယ်ဆိုရင် အကောင်းဆုံးဖြစ်ကြောင်း ချင်းပြည်နယ်၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးယောဆက်ကပြောသည်။ လက်ရှိချင်းပြည်နယ်နှင့် အိန္ဒိယနယ်စပ်တွင် ရိဒ်နယ်စပ်ကုန်သွယ်ရေး စခန်းနှင့် ထန်ထလန်ကုန်သွယ်ရေးစခန်းနှစ်ခုရှိသော်လည်း ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းသာ လည်ပတ်မှုရှိသည်။ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် နှစ်စဉ်ကုန်သွယ်မှုတိုးတက်ခြင်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ သန်းရှိခဲ့သည်။

ချင်းပြည်နယ်သည် ပိုမိုဖွံ့ဖြိုးရန်လိုအပ်နေသော ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ မတွေ့ထိ မတူးဖော်ရသေးသော သတ္တုနှင့် စွမ်းအင်အရင်းအမြစ်များသည် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများဖြစ်သည်။ ကုန်သွယ်ရေးသည်လည်း ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေး စီမံကိန်းပြီးစီးပါက ပိုမိုပွင့်လင်းလာနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကအခက်အခဲကြီးတစ်ခုဖြစ်နေသည့် အခြေခံအဆောက်အအုံကဏ္ဍသာ ပိုမိုဖွံ့ဖြိုးလာမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံသူများ၏ အာရုံကို ပိုမိုဖမ်းစားနိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/121581.html

## မန္တလေးပဲ၊ နှမ်း ဈေးကွက်အရောင်းအဝယ်နေးသည့်အပြင် ဈေးနှုန်းပါကျဆင်းလာ

မန္တလေး ပဲနှင့်နှမ်းဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်နေးလာသည့်အပြင်ဈေးနှုန်းများပါ ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင် ပဲ၊ နှမ်းဈေးကွက်အတွင်းမှ သတင်းရရှိသည်။ လက်ရှိ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေပဲတစ်မျိုးသာ ပြည်ပသို့ တင်ပို့မှုရှိနေသည့်အတွက် အရောင်းအဝယ် ပုံမှန်ရှိနေသော်လည်း၊ အခြားပဲမျိုးစုံနှင့် နှမ်းမှာ အရောင်းအဝယ်ရပ်တန့်နီးပါးဖြစ်နေကြောင်း သိရသည်။ ပြည်ပဘက်တင်ပို့တဲ့ မြေပဲဈေးကောင်းတယ်။ အရောင်းအဝယ်ကောင်းတယ်။ ကျန်တာက အေးစက်နေတယ်။ တရုတ်ဘက်ကလည်း အခုရက်ပိုင်း အဖမ်းဆီးများနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ ပဲ၊ နှမ်းကုန်သည် ဦးအောင်ကြိုင်ကပြောသည်။

ထို့ပြင် ဈေးကွက်အတွင်းသို့ ပဲမျိုးစုံအသစ်များ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ပဲမျိုးစုံဈေးနှုန်းကျဆင်းမှုများရှိလာပြီး နှမ်း မှာမူ အရောင်းအဝယ်နေးသော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိသေးကြောင်းသိရသည်။ နှမ်းက တရုတ်ဘက်က အချိန်မရွေး ဝယ်နိုင်တယ်။ တရုတ်ဘက်က အခြေအနေကောင်းရင် နှမ်းကချက်ခြင်းဈေးကောင်းနိုင်ပြီး ပဲမျိုးစုံကသာ ဈေးကျနေကြောင်း ပဲကုန်သည် ဦးမျိုးဆွေကပြောသည်။ လက်ရှိ မန္တလေးကုန်စည်ဒိုင် ပဲဈေးကွက်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ၆၅,၀၀၀ ကျပ်မှ ကျပ် ၇၀,၀၀၀ ကျပ်ခန့်၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ၉၇,၀၀၀ ကျပ်မှ ၉၈,၀၀၀ ကျပ်ခန့်၊ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ၁၁၀,၀၀၀ ကျပ်မှ ၁၂၀,၀၀၀ ကျပ်ခန့် ရှိနေကြောင်း သိရသည်။

အလားတူ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၅,၀၀၀ ကျပ်၊ နှမ်းဝါ သုံးတင်ဝင်တစ်အိတ်လျှင် ၁၅၀,၀၀၀ ကျပ်၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၇,၀၀၀ ကျပ်၊ နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ၂၄၀,၀၀၀ ကျပ်ခန့် ရှိနေကြောင်း သိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6919

## ပြည်တွင်းစပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခန့်သို့ ကျဆင်းလာ

တရုတ်အဝယ်ရပ်နေခြင်းကြောင့် နွေစပါးပေါ်ချိန်တွင် ပြည်တွင်းစပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခန့်သို့ ကျဆင်းလာသည်။ ပြည်တွင်း ဈေးကွက်တွင် စပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းမှ ငါးသိန်းခွဲအကြား ဈေးရှိသော်လည်း နွေစပါး သစ်ပေါ်ချိန်တွင် ဒေသအလိုက် စပါးတင်း ၁၀၀ ၏တန်ဖိုးက ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းလာသည်။ ထိုသို့ စပါးဈေးကျဆင်းရခြင်းက တရုတ်ဈေးကွက် အဝယ်ရပ်တန့်နေခြင်းကြောင့်ဖြစ်ရခြင်းဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ လက်ရှိစပါးဈေးသည် မြန်မာနိုင်ငံ၏ အခြေခံရည်ညွှန်းစပါး ဈေးနှုန်း တင်းတစ်ရာ ကျပ်ငါးသိန်းသို့ရောက်ရှိရန်နီးစပ်လာသည်။ ပြည်တွင်း၌ စပါးတင်း ၁၀၀ ကျပ်ငါးသိန်းအောက် ကျဆင်းမည်ဆိုပါက အခြေခံရည်ညွှန်း ဈေးနှုန်းဖြင့် ဝယ်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေစပါးစိုက်ဧက သုံးသန်းခန့် ရှိနေပြီး စိုက်ပျိုးသည့် စပါးအများစုကလည်း သက်န(ရက် ၉၀) ဆန်ကြမ်းအမျိုးအစား စပါးများဖြစ်သည်။ နွေစပါးများ၏ အဓိကဈေးကွက်က ပြည်ပတင်ပို့ရန်ဖြစ်ကြောင်း ပဲခူးတိုင်းအရှေ့ခြမ်းမှ ဆန်ကုန်သည် ဦးမြင့်ဒွေးကပြောသည်။

နွေစပါးအပါအဝင် မိုးရာသီစိုက် ဆန်ကြမ်းစပါးဈေးကလည်း နယ်စက်ပိုင်များက စိုက်ပျိုးထုတ်လုပ်မှုပုံစံပြောင်းပြီး ကြိတ်ခွဲ ရောင်းချကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ တရုတ်က ဝယ်ယူလေ့ ရှိသော အကျိုးအကြေမပါသလောက်နည်းပါးသည့် ဆန်ကြမ်းရှယ်အမျိုးအစားများအစား အကျိုး အကြေ ၂၅ ရာခိုင်နှုန်းအထိ ပါဝင်သော ဆန်အမျိုးအစားများကို ပြောင်းလဲကြိတ်ခွဲထုတ်လုပ်ပြီး ပင်လယ်ရေကြောင်းမှ ပြည်ပတင်ပို့သူများထံ ရောင်းချနေရသည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံ၏ ပြည်ပသို့ဆန်တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ရောင်းချမှုများ ရှိသကဲ့သို့ ပင်လယ်ရေကြောင်းမှလည်း အာဖရိက၊ ဥရောပနှင့် အာဆီယံ နိုင်ငံအချို့သို့ ဆန်ရောင်းချ နေသည်။ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော် ဈေးကွက်ရယူထားသော တရုတ်နိုင်ငံက ဖေဖော်ဝါရီက စတင်ပြီး ရပ်ဆိုင်းလုနီးပါးဖြစ်နေခြင်းကြောင့် ပင်လယ်ရေကြောင်းမှတင်ပို့မှုတိုးမြှင့်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြိုးစားနေသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1768-rice-export.html

## STOCK EXCHANGE (21.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,900 | 8,900 | 8,800 | 514 | 4,523,300 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,800 | 2,850 | 2,800 | 3,421 | 9,579,300 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 2,731 | 19,390,100 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 0 | 0 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

## Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.85 | +1.43 | +0.39% | 372.41 | 372.41 | 371.85 | 6,666 | 33,492,700 | 5 | 507,664 |


## Index chart




# Market Overview

As of 1:00 pm, 21st Mar. 2019

| MYANPIX | 371.85 ▲ 1.43 |
|---|---|
| Total Volume (shares) | 6,666 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 507,664 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲0 |
| MTSH | 00002 | 2,850 | ▲50 |
| MCB | 00003 | 7,100 | ▲0 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,650 | ▲0 |